KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဇွန်လ ၅ ရက်, ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 25-25-I1

---

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဒွယ်လိုးမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုနှင့်လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင်ဖြစ်ပွားခဲ့သောလက်နက်ကြီးပစ်ခတ်မှုနှင့်လေကြောင်းတိုက်ခိုက်မှုအကြောင်းကို ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကတိုင်တီတပ်စခန်းတွင်အခြေစိုက်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် ကတိုင်တီကျေးရွာအုပ်စုရှိ အအ--- ကျေးရွာအတွင်းသို့ (၆၀) မမ လက်နက်ကြီး (၆)လုံးပစ်ခတ်၍ အသက် (၂၁) နှစ်အရွယ်ရွာသားတစ်ဦးဖြစ်သူ စောအ---အား ထိမှန်၍ သေဆုံးသွားခဲ့သည်။ နောက်တစ်နေ့တွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၌ SAC သည် ကတိုင်တီကျေးရွာအုပ်စု၊ အအ--- ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်၍ ရွာသားတစ်ဦးဖြစ်သူ စောဘ---အားထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ အခင်းဖြစ်ပွားပြီးနောက် စောဘ---သည် စားဝတ်နေရေးအတွက် အခက်အခဲစိန်ခေါ်မှုများနှင့်ကြုံတွေ့နေရသည်။ အကြောင်းမှာ ၎င်း၏အိမ်သည် လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့ခြင်းသည်။ အဆိုပါရွာသားနှစ်ဦးသည် ၎င်းတို့၏နေအိမ်နှင့်တိရစ္ဆာန်များကို ပြန်လည်ကြည့်ရှုရန် နီးစပ်ရာစစ်ပြေးရှောင်စခန်းမှ ကျေးရွာသို့ပြန်လာသည့်အချိန်တွင် လက်နက်ကြီးပစ်ခတ်မှုနှင့်လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထိုဒေသတွင် SAC နှင့်လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တို့ ကြားတိုက်ပွဲဖြစ်ပွား၍ အအ---ကျေးရွာမှ ရွာသားများသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှစပြီး ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရတည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် လက်ခံရရှိသော မြေပြင်အစီရင်ခံစာ (၂) ခုအပေါ်အခြေခံ၍ရေးသားပြုစုထားပါသည်။ ထိုအစီရင်ခံစာ၏စာအမှတ်မှာ 25-25-I1 နှင့် 25-25-A1-I1 တို့ဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ လက်နက်ကြီးပစ်ခတ်ခြင်းနှင့်လေကြောင်းဖြင့်တိုက်ခိုက်ခြင်းကြောင့် ရွာသားများ သေဆုံး၊ ဒဏ်ရာရရှိမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ အအ--- ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| **အမည်** | စောအ--- | စောဘ--- |
| **အသက်** | ၂၁ နှစ် | ၄၃ နှစ် |
| **ကျား/မ** | ကျား | ကျား |
| **လူမျိုး** | ကရင် | ကရင် |
| **အိမ်ထောင် ရှိ/မရှိ** | မရှိ | ရှိ |
| **အလုပ်အကိုင်** | လယ်ယာ | လယ်ယာ |
| **ကိုးကွယ်သည့် ဘာသာ** | ခရစ်ယာန် | ခရစ်ယာန် |
| **ရာထူးအဆင့်** | ရွာသား | ရွာသား |
| **နေရပ် ရွာအမည်** | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ အအ--- ကျေးရွာ | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ အအ--- ကျေးရွာ |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| မသိရှိရ | မသိရှိရ | မသိရှိရ | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ SAC ကတိုင်တိတပ်စခန်း | မသိရှိရ |
| မသိရှိရ | မသိရှိရ | မသိရှိရ | SAC လေတပ် | မင်းအောင်လှိုင် (ထွန်းအောင်သည် SAC လေတပ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်) |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
| --- |
| ကျွန်တော်သည် (KHRG ကွင်းဆင်းလုပ်သား) လေယာဉ်သံနှင့်လက်နက်ကြီးပစ်ခတ်ခဲ့ကြားရပြီး ရွာသားများ အသေအပျောက်များရှိမလားစိုးရိမ်ပူပန်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် ကတိုင်တိကျေးရွာအုပ်စု၊ အဘ---ဆေးခန်းသို့သွားပြီး အအ---ကျေးရွာမှ ဒဏ်ရာရရှိသည့်ရွာသားတစ်ဦးဖြစ်သူ စောဘ---နှင့်တွေ့ဆုံခဲ့သည်။ ထို့နောက် စောဘ---အနေဖြင့် သူဘယ်လိုဒဏ်ရာရရှိခဲ့ကြောင်း ၎င်းအား အင်တာဗျူးခဲ့သည်။ ကျွန်တော်သည် အခြားသူများထိခိုက်ဒဏ်ရာရရှိလားဟု မေးသည့်အခါတွင် သူက အအ---ကျေးရွာမှ ရွာသားစောအ---သည်လည်း မနေ့က (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့) ထိမှန်သေဆုံးသွားသည်ဟုပြန်လည်ပြောပြခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
| --- |
| အခင်းဖြစ်ပွားသည့်အချိန်တွင် စောဘ---သည် အအ---ကျေးရွာထဲတွင်ရှိနေခဲ့သည်။ သူ့အား ထိမှန်၍ဒဏ်ရာရရှိခဲ့သည်။ ဤသတင်းအကြောင်းအရာသည် တိကျမှန်ကန်စေရန်အတွက် KHRG ကွင်းဆင်းလုပ်သားသည် စောဆ---ကိုလည်း မေးမြန်းစုံစမ်းခဲ့သည်။ စောဆ---သည် အအ---ကျေးရွာအတွက် လုံခြုံရေးဝန်ထမ်းတစ်ဦးအဖြစ် (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - KNLA စစ်သားအနေဖြင့် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပြီး ကတိုင်တိတပ်စခန်းမှ SAC စစ်သားများက အအ---ကျေးရွာထဲသို့ လက်နက်ကြီး (၆၀) မမ (၆)လုံးပစ်ခတ်၍ စောအ---အား ထိမှန်သေဆုံးသည့်ဖြစ်စဉ်ကို မျက်မြင်ကြုံတွေ့ခဲ့သည်။ (စောဆ---သည် SAC တပ်စခန်းမှ လက်နက်ကြီးပစ်ခတ်သည့်အသံကို ကြားခဲ့ရခြင်းဖြစ်သည်။) (ထို့အပြင် KHRG ကွင်းဆင်းလုပ်သားသည် အဘ--- ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သူ သရာဒ---ကိုလည်း မေးမြန်းခဲ့သည်။) |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
| --- |
| ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ ည (၈)နာရီတွင် ကတိုင်တိတပ်စခန်းတွင်အခြေစိုက်သော SAC စစ်သားများသည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စုရှိ အအ--- ကျေးရွာအတွင်းသို့ (၆၀)မမ လက်နက်ကြီး (၆)လုံးပစ်ခတ်၍ အအ---ကျေးရွာမှ အသက်(၂၁)နှစ်အရွယ်ရွာသားတစ်ဦးဖြစ်သူ စောအ---အား ထိမှန်သေဆုံးခဲ့သည်။ စောအ---သည် ၎င်း၏နေအိမ်နှင့်တိရစ္ဆာန်များကို ပြန်လည်ကြည့်ရှုရန် (နီးစပ်ရာစစ်ပြေးရှောင်စခန်းမှ) ကျေးရွာသို့ပြန်လာသည့်အချိန်တွင် လက်နက်ကြီးထိမှန်ခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားပြီးနောက် KNLA စစ်သားများသည် (ကျေးရွာအနီးတွင် လုံခြုံရေးတာဝန်ယူနေသောစစ်သားများ) အခင်းဖြစ်ပွားသည့်နေရာသို့သွားရောက်ကြည့်ရှုခဲ့သည်။ ၎င်းတို့သည် ကျေးရွာတွင်း အခင်းဖြစ်ပွားသည့်နေရာတွင် စောအ--- လက်နက်ကြီးမှန်၍သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး ကျေးရွာခေါင်းဆောင်များနှင့် (စစ်ပြေးရှောင်စခန်းရှိ) အသင်းအုပ်ဆရာကို အကြောင်းကြားခဲ့သည်။ ထို့နောက် အသင်းအုပ်ဆရာနှင့်ကျေးရွာခေါင်းဆောင်များသည် စောအ---၏အသုဘကိုစီစဉ်ပေးခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် |

နေ့တွင် အသင်းအုပ်ဆရာနှင့်စစ်ပြေးရှောင်ရွှာသားများသည် စစ်ပြေးရှောင်စခန်းတွင် စောအ---အတွက် အောက်မေ့ဖွယ်အခမ်းအနားကို ကျင်းပခဲ့သည်။

ထိုဒေသတွင် SAC နှင့်လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တို့ကြားတိုက်ပွဲဖြစ်ပွား၍ အအ---ကျေးရွာမှရွာသား များသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှစပြီး ၎င်းတို့ရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စောအ---၏ဖခင်သည် ကွယ်လွန်သွားပြီးဖြစ်သည်။ စောအ---၏မိခင်သည် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဝဲပြာကျေးရွာအုပ်စု၊ အဆ---ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး သူ၏မောင်နှမများသည် အခြားနေရာသို့ ထွက်ပြေးပုန်းရှောင်ခဲ့သည်။ ထို့ကြောင့် စောအ---အတွက် အောက်မေ့ဖွယ်အခမ်းအနားကိုကျင်းပသည့်အချိန်တွင် သူ၏မိ သားဝင်များမရှိခဲ့ပေ။ စောအ---၏မိခင်သည် သူမ၏သားသေဆုံးသွားသည့်အကြောင်းကိုကြားသိရှိရပြီးနောက် ထိတ်လန့်သွား၍ သူမအား (SAC စီမံအုပ်ချုပ်သော) ဘားအံဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ စောအ---၏မိခင် အခြေအနေကို ရွာသားများက သရာဒ--- အား (အဘ--- ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး) အကြောင်းကြားခဲ့ သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ မနက် (၈)နာရီတွင် SAC လေယာဉ်သုံးစီးသည် ကတိုင်တိကျေးရွာအုပ် စု၊ အအ---ကျေးရွာကို လေကြောင်းဖြင့်တိုက်ခိုက်၍ စောဘ---အား ထိမှန်ဒဏ်ရာရရှိခဲ့သည်။ စောအ---သည် ၎င်း၏နေအိမ်ကို ပြန်လည်ကြည့်ရှုရန် (နီးစပ်ရာစစ်ပြေးရှောင်စခန်းမှ) ကျေးရွာသို့ပြန်လာသည့်အချိန်တွင် လေကြောင်းတိုက်ခိုက်မှုတွင် ထိမှန်၍ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် စောဘ---သည် သူ၏အိမ်အောက်တွင်ရှိနေခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် သူ၏အိမ်ကိုထိမှန်၍ ပျက်စီးသွားခဲ့သည်။) စောဘ--- သည် ဒဏ်ရာရ ရှိပြီးနောက် အနီးပတ်ဝန်းကျင်တွင်လုံခြုံရေးယူနေသည့် KNLA စစ်သားများသည် ၎င်းအား ကတိုင်တိကျေးရွာအုပ်စုရှိ အဘ--- ဆေးခန်းသို့ပို့ဆောင်ခဲ့သည်။ အဘ--- ဆေးခန်းသည် ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW) မှ စီမံ ခန့်ခွဲသည့်ဆေးခန်းဖြစ်သည်။ စောဘ--- သည် ထိုဆေးခန်းတွင် အခမဲ့ဆေးကုသမှုကိုရရှိခဲ့သည်။

စောဘ---သည် (၄၃) နှစ်ရှိပြီး သားသမီး (၆) ဦးရှိသည်။ သူ၏မိသားစုသည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ အဆ--- ကျေးရွာအနီးရှိ အဆ--- ဂူတွင် သွားရောက်၍စစ်ပြေးရှောင်ခဲ့သည်။ စောဘ---က KHRG အား သူ၏ခံစားချက်ကို ယခုလိုပြောပြသည်။ *“ကျွန်တော်ပြောချင်တာက တကယ်လို့ ပဋိပက္ခတွေပြီးဆုံးသွားပြီးဆိုရင်တောင် ရွာကိုပြန်လာပြီး ဘာလုပ်ရမလဲမသိဘူး။ နောက်နှစ်မှာ စားဝတ်နေရေးအတွက် အလုပ်လုပ်ရမယ်။ ဘာအကူအညီထောက်ပံ့မှုမှမရဘူး။ ကျွန်တော့်အနေနဲ့ စားစရာတွေ၊ အဝတ်အစားတွေ၊ မီးဖိုချောင်အသုံးအဆောင်တွေလိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အိမ်က (လေကြောင်းတိုက်ခိုက်မှုကြောင့်) အကုန်ပျက်စီးသွားပြီးလေ။”*

(KHRG ကွင်းဆင်းလုပ်သား၏ပြောပြချက်အရ) SAC သည် ကျေးရွာများ၊ လယ်ယာစိုက်ပျိုးမြေများနှင့်စစ်ပြေးရှောင်စခန်းများကို ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ SAC သည် ၎င်းတို့၏ရန်သူများကို ပစ်မှတ်ထားပြီးတိုက်ခိုက်ခြင်းမဟုတ်ပေ။ ဤသို့လုပ်ရပ်များသည် ဂျီနီဗာသဘောတူညီမှုနှင့်လူ့အခွင့်အရေးကို ချိုးဖောက်နေသည်။

| | |
|---|---|
|  | ဤပုံကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း မူတြော်ခရိုင်၊ ဒွယ်လိုး မြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ အဘ---ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် SAC သည် ကတိုင်တိကျေးရွာအုပ်စု၊ အအ--- ကိုလေကြောင်းဖြင့်တိုက်ခိုက်၍ စောဘ--- အား ထိမှန် ဒဏ်ရာရရှိခဲ့သည်။ စောဘ--- သည် ၎င်း၏တိရိစ္ဆာန်များကို အစာကျွေးရန် ရွာသို့ ပြန်လာသည့်အချိန်တွင် ဗုံးကျည်စထိမှန်၍ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ပုံတွင် စောဘ---၏ လက်ကောက်ဝတ်ကို ဗုံးကျည်စ ထိမှန်၍ ဒဏ်ရာရရှိခဲ့သောအခြေအနေကို ဖော်ပြထားသည်။ သူသည် ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေး (KDHW) စီမံခန့်ခွဲသော အဘ---ဆေးခန်းတွင် ဆေးကုသမှုခံယူခဲ့သည်။ *(ဓာတ်ပုံ- KHRG)* |

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော စောဘ--- သည် ဤသတင်းအကြောင်းအရာကို ရေးသားဖြန့်ဝေရန် ခွင့်ပြုချက်ပေးထားပါသည်။ စောအ---၏အကိုလည်း ဤသတင်းကို ရေးသားဖြန့်ဝေရန် ခွင့်ပြုချက်ပေးထားပါသည်။ |

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။